# Upcoming




# ANDROID Products

ဒီနှစ် CES မှာ တုန်းက ပစ္စည်းသစ်တွေ အများကြီး မိတ်ဆက်ခဲ့တာ ကိုတွေ့ကြမှာ ပါ။ အဲဒီမှာ ပြခဲ့တဲ့ ပစ္စည်းသစ်အများစုကို ကြည့်ခြင်းအားဖြင့် ဒီ ၂၀၁၂ ခုနှစ်ဟာ Android smartphone နဲ့ tablet တွေ မှိုလိုပေါက်တဲ့နှစ်လို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။ CES မှာ ပြသခဲ့တဲ့ ပစ္စည်းတွေထဲက Android ပစ္စည်းတွေကို ဖော်ပြပေးချင်ပါတယ်။

## Samsung InTouch HD webcam



SmartTV တွေအတွက် HD webcom ဖြစ်ပါတယ်။ ဒါက TelyHD webcam နဲ့ အပြိုင်ဖြစ်ပြီး ၁၉၉.၉၉ ဒေါ်လာ တန်ဖိုးရှိပါတယ်။



## Sony Xperia Ion

၂၀၁၂ ခုနှစ်ရဲ့ ဒုတိယ လေးလပတ်မှာ AT& T network နဲ့ ရနိုင်မယ့် Sony Xperia Ion မှာ ၄.၆ လက်မ HD မျက်နှာပြင်နဲ့ 1.5GHz dual core processor နဲ့ 12 MP camera ပါဝင်မှာ ဖြစ်ပါတယ်။

## Sony Xperia S



Sony Xperia NXT series ရဲ့ ပထမဆုံး phone ဖြစ်မယ့် Xperia S ဖြစ်ပါတယ်။ သူ့မှာ ၄.၃ လက်မ HD မျက်နှာပြင်ပါဝင်မှာဖြစ်ပြီး 342 ppi resolution ရှိပါတယ်။ သူ့ကျောဘက်မှာ 12 MP camera ပါဝင်ပြီး 1.5 GHz dual core processor ကိုလည်း တပ်ဆင်ပေးမှာဖြစ်ပါတယ်။



## ViewSonic ViewPad E70

ViewPad E70 ဟာ Kidle Fire နဲ့ ပြိုင်ဘက်ဖြစ်လာမယ့် ၇ လက်မ အရွယ် Android tablet ဖြစ်ပါတယ်။ Android 4.0 နဲ့ 1 GHz dual core processor တို့ပါဝင်တဲ့ ViewPad E70 က ၁၆၉ ဒေါ်လာဝန်းကျင် ဈေးနှုန်းဖြစ်ပြီး နှစ်လယ်ပိုင်းလောက်မှာ ပွဲထုတ်မှာဖြစ်ပါတယ်။

## Fujitsu Arrows



ဒီ tablet ရဲ့ ပြောင်မြောက်တဲ့ feature တွေထဲမှာ ၄.၆ လက်မအရွယ် HD screen ၊ Nvidia Tegra 3 dual core processor နဲ့ Android 4.0 Ice Cream Sanwitch တို့ပါဝင်ပါတယ်။ 13.1 MP camera နဲ့ Fujitsu Arrows ကို NTT Docomo ကနေ နှစ်လယ်မှာ ဖြန့်ချိပါလိမ့်မယ်။



## Verizon Motoroal Droid 4

Verizon ရဲ့ Motorola Droid 4 မှာ 4G LTE network ၊ 8 MP camera တို့အပြင် 1.5 MP front-facing camera လည်း ပါဝင်ပါတယ်။

## Samsung Galaxy Tab 7.7 (Verizon)



Samsung Galaxy Tab 7.7 ရဲ့ ဒုတိယမျိုးဆက်ကို အမေရိကမှာ Verizon network နဲ့ ရနိုင်ပြီဖြစ်ပါတယ်။ ဒါက ပစ္စည်းသစ်တော့ မဟုတ်ပေမယ့် အမေရိကကို ပထမဆုံးရောက်မှာဖြစ်ပါတယ်။



## Vizio VTAB 3010 M

Vizio က သူတို့ဟာ ကွဲပြားတဲ့ပုံစံနဲ့ style ကျတဲ့ talet အသစ်ကို ထုတ်မယ်လို့ ပြောခဲ့ပါတယ်။ သူတို့က specification နဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်ကိုတော့ မပြခဲ့ပါဘူး။

## Sony SmartWatch



Sony ဟာ Xperia S ၊ Xperia Ion တို့နဲ့ Sony SmartWatch Bluetooth device ကိုလည်း မိတ်ဆက်ပေးခဲ့ပါတယ်။



## Pantech Burst smartphone

4G LTE network နဲ့ ရနိုင်မယ်ဆိုတဲ့ Pantech ရဲ့ ချောတာရေး phone ဖြစ်တဲ့ Pantech Bursh smartphone ပါ။



## LG Viper (Sprint)

Galaxy Nexus မှာ 4G ရပြီး နောက်ပိုင်းမှာ 4G ရလာတဲ့ smart-phone တွေထဲက high end smartphone တစ်လုံးဖြစ်ပါတယ်။ သူ့မှာ ၄ လက်မအရွယ် WVGA screen ပါဝင်ပြီး 1.2GHz dual core processor နဲ့ 5 MP camera လည်း ပါမှာဖြစ်ပါတယ်။

## Samsung Exhilarate

သူက AT& T network နဲ့ ရနိုင်မယ်ဆိုတဲ့ ပစ္စည်း ၆ ခုထဲက တစ်ခု ဖြစ်ပါတယ်။ 4G ရတဲ့ ဒီ phone ကို Super AMOLED display တပ်ဆင်ထားတာဖြစ်ပြီး ဒီ phone ရဲ့ ၈၀ ရာခိုင်နှုန်းလောက်က PC recycled အစိတ်အပိုင်းတွေနဲ့ ပြုလုပ်ထားတာပါ။





## Pantech Element

Pantech Element ဟာ AT & T နဲ့ 4G ရတဲ့ ပထမဆုံး tablet ဖြစ် လာပါလိမ့်မယ်။ တန်ဖိုး ၂၀၁၂-၀၉ ဒေါ်လာရှိတဲ့သူကို Honeycomb 3.2 OS တင်ထားမှာဖြစ်ပြီး ၈ လက်မအရွယ် မျက်နှာပြင် ပါရှိမှာပါ။

## Toshiba Excite X10 tablet

Android category ထဲက ကမ္ဘာ့အပါးလွှာဆုံး ၁၀ လက်မအရွယ် tablet ဖြစ်ပါတယ်။ 1.2 GHz dual core processor ၊ RAM 1GB ၊ 5MP rare camera နဲ့ 2MP front camera တို့ပါဝင်ပြီး Hoenycomb OS ကို တင်ထားတာပါ။





## Huawei Ascend P1 S

Huawei Ascend P1 S ကြောင့် Huawei က high end smartphone maker အဖြစ် တန်းဝင်သွားပြီ ဖြစ်ပါတယ်။ Ascend P1 S မှာ 4.3" Super AMOLED qHD Gorilla Glass display ၊ Ardoid 4.0 ICS နဲ့ auto foucs ရပြီး LED flash လည်းပါတဲ့ 8MP camera တို့ ပါဝင်ပါတယ်။



## Acer Iconia Tab A700

Ducal core tablet ဖြစ်တဲ့ Iconia Tab A700 ဟာ ၁၀ လက်မအရွယ် အစားရှိပြီး ICS တင်ထားတဲ့အပြင် fullHD 1080p display နဲ့ ဖြစ်ပါတယ်။



## Orange Tahiti

Orange network နဲ့ ရနိုင်တဲ့ ၇ လက်မအရွယ် display နဲ့ ဒီ tablet ဟာ 1.2 GHz dual core processor အပြင် 5MP camera လည်း ပါဝင်ပါ တယ်။




## ViewPad 10e & ViewPad 10i

Mid range Android tablet တွေဖြစ်တဲ့ ဒီ tablet ၂ ခုစလုံးစာ ၁၀ လက်မအရွယ် မျက်နှာပြင်တွေနဲ့ဖြစ်ပါတယ်။

## Sol Computer's 7 Inches tablet



Sol Computer က သူတို့ရဲ့ နောက်ထုတ်မယ့် ၇ လက်မအရွယ် Pixle Qi display နဲ့ Android tablet ရဲ့ prototype ကိုပဲ တွေ့ခဲ့ရပြီး ပါဝင်တဲ့ specification အသေးစိတ်ကို မသိရသေးပါဘူး။ ဈေးနှုန်းကတော့ ဒေါ်လာ ၁,၀၀၀ နဲ့အထက် ရှိမယ်လို့သိရပါတယ်။



## Pantech Vega LTE EX

ဒီ phone မှာ ဘာလုပ်ဆောင်ချက်အသစ်မှ ထပ်တိုးထားတာတော့ မဟုတ်ပါဘူး။ 4G capability ပဲ ထပ်ထည့်ထားတာပါ။ သူ့ကို တောင်ကိုရီးယားမှာ LG U+ network နဲ့ ရနိုင်မယ်လို့ သိရပါတယ်။

## Polaroid SCl630 digital camera



ဒီ point-and-shoot camera မှာ Android 2.3.4 run ထားပြီး ၃.၂ လက်မအရွယ် LCD touch screen ကို တပ်ဆင်ထားတာပါ။ 16 MP ရှိပြီး storage 3GB ပါဝင်ပါတယ်။



## Archos 70b Honeycomb tablet

Amazon Kindle Fire အတွက် နောက်ထပ် ပြိုင်ဘက်တစ်ခုဖြစ်ပါတယ်။ ပါဝင်ပစ္စည်းတွေက အကောင်းစားကြီးတော့ မဟုတ်ပါဘူး။ ၇ လက်မ မျက်နှာပြင်၊ 1.2 GHz dual core processor ၊ 8 GB internal storage နဲ့ Honeycomb OS တို့ပါဝင်ပါတယ်။

## Asus Prime Mini



Transformer Prime နဲ့ တစ်အူထုံဆင်းဖြစ်တဲ့ Quard core Tegra 3 processor နဲ့ ၇ လက်မအရွယ် screen တပ်ဆင်ထားတဲ့ Asus Prime Mini ဖြစ်ပါတယ်။ တန်ဖိုးကတော့ ၂၄၉ ဒေါ်လာပါ။



## Acer Iconia A510

Asus Prime Mini လိုပါပဲ။ Iconia A510 က Iconia A700 ကို ပြန်ဆင်ထားတာပါ။ ၁၀.၁ လက်မမျက်နှာပြင်နဲ့ Tegra3 quard core tablet တစ်မျိုးပါပဲ။

## Sony Z series Android Walkman



Sony က CES မှာ ပစ္စည်းသစ်ပေါင်းများစွာကို ပြသခဲ့တာဖြစ်ပါတယ်။ အခု Sony Z series က Android OS နဲ့ Walkman ဖြစ်ပြီး Z series Walkman ၃ မျိုးရှိပါတယ်။



## Lenovo K800 phone

ပထမဆုံး Intel chipset သုံးထားတဲ့ Android phone ဖြစ်လာပါလိမ့်မယ်။ Android 4.0 update လုပ်ပေးမှာဖြစ်ပြီး တရုတ်မှာပဲ China Telecom ကနေ ရနိုင်မှာဖြစ်ပါတယ်။

## Motorola Droid Razr Maxx



Verizon wireless နဲ့ရနိုင်မယ့် Motorola ရဲ့ Droid Razr Maxx ဖြစ်ပြီး သူ့ရဲ့ battery က ၂၄ နာရီ ခေါ်ဆိုမှုတွေ ပြုလုပ်နိုင်မယ်လို့ ပြောဆိုထားပါတယ်။



## Sony NSZ GS7 Media Player

Android က network media player တွေဆီ ရောက်လာပါပြီ။ Sony က NSZ GS7 ဆိုတဲ့ Android 4.0 media player ကို ထုတ်လုပ်ထားပါတယ်။

## Samsung Galaxy S Blaze 4G

T-Mobile က Super AMOLED display နဲ့ 1.5 GHz dual core Qualcomm processor တပ်ဆင်ထားတဲ့ Samsung Galaxy S Blaze 4G ကို ထုတ်မယ်လို့ သိရပါတယ်။





## Philips GoGear Connect 3.5

Philips ရဲ့ media player ဖြစ်တဲ့ GoGear Connect 3.5 မှာ ၃.၅ လက်မအရွယ် HVGA display ပါဝင်ပြီး 720p HD video playback ရပါတယ်။ Gingerbread OS တပ်ဆင်ထားတဲ့ ဒီ media player ကို ဧပြီလမှာ ကမ္ဘာအနှံ့ ဖြန့်ချိမှာဖြစ်ပါတယ်။

## Idolian IdolPad

Tabletတစ်လုံးကို ဒေါ်လာတစ်ရာနဲ့အောက် ဈေးနဲ့ရနိုင်ဖို့ သိပ်များများ ရွေးချယ်စရာ မရှိပါဘူး။ ဒါပေမဲ့ Idolian IdolPad ကိုတော့ ၉၉ ဒေါ်လာ နဲ့ promotion လုပ်ထားပါတယ်။ ၇ လက်မအရွယ် ဒီ tablet မှာ 1GHz Cortex A8 processor ၊ RAM 512MB ၊ 4GB internal storage အပြင် 32 GB အထိ တိုးချဲ့သုံးနိုင်မယ့် microSD card slot တို့ ပါဝင်ပါတယ်။ ပြီးတော့ Wi-Fi ရနိုင်ပြီး Android Market ကို access လုပ်နိုင်ကာ HDMI support ၊ USB 2.0 နဲ့ Netflix နဲ့ Skye video တို့ကိုလည်း support လုပ်ပေးနိုင်ပါတယ်။





## Huawei Ascend P1 LTE

Huawei ရဲ့ Ascend P1 ဟာ သူ့ရှေ့က မိတ်ဆက်ခဲ့တဲ့ phone နဲ့ specification တွေ အတူတူပါပဲ။ 4Gရတာတစ်ခုပဲ မတူတာဖြစ်ပါတယ်။

## WikiPad Glasses Free 3D tablet

WikiPad ဟာ 3D content တွေပြသပေးနိုင်တဲ့ Android tablet လေး ဖြစ်ပြီး game controller လည်း တွဲလျက်ပါဝင်ပါတယ်။ သူက ၈ လက်မအရွယ်ဖြစ်ပြီး Android 4.0 run ထားတာပါ။





## Samsung Galaxy Tab 7.0 Plus N

Samsung Galaxy Tab 7.0 Plus N ဟာ Apple ရဲ့ မူပိုင်ခွင့်ကို ပယ်ဖျက်ပြီး ဥရောပ ဈေးကွက်မှာဖြန့်မယ့် tablet ဖြစ်ပါတယ်။ Android 3.2 Honeycomb processor ပါဝင်ပြီး ၇ လက်မ အရွယ် display screen ကို တပ်ဆင်ထားပါတယ်။

## Coby ရဲ့ Android 4.0 tablet ၆ မျိုး



Coby ဟာ ၇ လက်မကနေ ၁၀.၁ လက်မအထိ အရွယ်အစားအမျိုးမျိုးနဲ့ ဖြစ်ပြီး ဈေးနှုန်းတွေကလည်း ၁၇၉ ဒေါ်လာကနေ ၂၇၉ ဒေါ်လာ အထိ ရှိပါတယ်။ Model name တွေကတော့ ၇ လက်မအရွယ် tablet က MID 7042၊ ၈ လက်မအရွယ် tablet က MID 8042 ၊ ၉ လက်မအရွယ်က MID 9042၊ ၉.၇ လက်မရွယ်က MID 9742 ၊ ၁.၀၁ လက်မအရွယ် MID 1042 နဲ့ high end tablet ကတော့ ၁၀.၁ လက်မဖြစ်တဲ့ MID 1045 တို့ပဲ ဖြစ်ပါတယ်။



## iGoGo TV set top box

Android 2.3 တင်ထားတဲ့ set top box ဖြစ်ပါတယ်။ ကိုယ့်ရဲ့ သာမန် TV ကို Android TV အဖြစ် ပြောင်းလို့ရနိုင်ကာ Android Market က app တွေကို သွင်းလို့ရစေမှာဖြစ်ပါတယ်။ ဒီ set top box မှာ Cortex A8 processor 1GHz ပါပြီး full HD video playback ကို support လုပ်ပေးပါတယ်။

## Velocity Micro Cruz T507 & 510 tablets



Velocity Micro Cruz ရဲ့ tablet ၂ ခုဖြစ်ပါတယ်။ 1.2 GHz cortex A8 processor နဲ့ ARM Mali 400 3D graphic ၊ 8 GB iinternal memory တို့ ပါဝင်ပါတယ်။ T510 က ၉.၇ လက်မအရွယ် Android 4.0.1 တင်ထား တဲ့ tablet ဖြစ်ပြီး T510 ကတော့ ၇ လက်မအရွယ် TFT LED display ကို တပ်ဆင်ထားပါတယ်။



## Aigo M718HD & M803 tablet

Aigo က ရဲ့ ၈ လက်မရွယ် M718HD tablet နဲ့ ၇ လက်မအရွယ် M803 tablet တို့ဖြစ်ပါတယ်။ ၂ ခုစလုံးမှာ ICS ကို တင်ထားတာဖြစ်ပါတယ်။

## Skytex Android 4.0 tablets



1.2 GHz single core processor နဲ့ Skytex ရဲ့ Android 4.0 tablet တွေ ဖြစ်ပါတယ်။ 1080p HD video playback လည်း လုပ်ပေးနိုင်ပါတယ်။ Skypad Omega က ၈ လက်မအရွယ် tablet ဖြစ်ပြီး Argos ကတော့ ၇ လက်မအရွယ်ဖြစ်ပါတယ်။ ဒီ ၂ ခုစလုံးရဲ့ အကောင်းဆုံးအချက်က ဖြုတ်တပ်လို့ရတဲ့ battery ပါဝင်တာပဲဖြစ်ပါတယ်။



## Samsung Galaxy 3.6

Galaxy Player 3.6 ဟာ Android 2.3 ၊ Hummingbird processor 1 GHz နဲ့ ၃.၆ လက်မအရွယ် မျက်နှာပြင်ပါဝင်တဲ့ နောက်ဆုံးပေါ် music player ဖြစ်ပါတယ်။ တန်ဖိုးကတော့ ၁၇၉ ဒေါ်လာဖြစ်ပါတယ်။



## Casio G-Shock smartphone

Casio ရဲ့ Android smartphone က high end smartphone တစ်လုံး ဖြစ်ပြီး နောက်လာမယ့် လအနည်းငယ်မှာ ထုတ်မှာဖြစ်ပါတယ်။